# မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်

# ဗီဂါါပလတ်စတစ်ပရိဘောဂနှင့်လူသုံးကုန်ပစ္စည်းစက်ရုံ (ရန်ကုန်)

# နှင့်

# Winning Way Company Limited

# တို့

# FORKLIFT (၁) စီး

# ဝယ်ယူမှု

# သဘောတူကတိစာချုပ်

ရက်စွဲ ။ ။ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ရက်။

နေရာ ။ ။ ရန်ကုန်မြို့။

# မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်

# ဗီဂါပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ (စဥ့်ကိုင်)

# နှင့်

# Winning Way Company Limited

# တို့၏

# FORKLIFT (၁) စီး

# ဝယ်ယူမှု

# သဘောတူကတိစာချုပ်

ဤသဘောတူကတိစာချုပ်ကိုမြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၊ ရန်ကုန်မြို့၊ အမှတ် (၁၈၉/၁၉၁) မဟာဗန္ဓုလလမ်း၊ ဗိုလ်တစ်ထောင်မြို့နယ်တွင် တည်ထောင်ဖွင့်လှစ်ထားသည့် မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် ၊ ဗီဂါပလတ်စတစ်ပရိဘောဂနှင့်လူသုံးကုန်ပစ္စည်းစက်ရုံ (ရန်ကုန်) (နောင်တွင် "ဝယ်ယူသူ" ဟုခေါ်တွင်မည်ဖြစ်ပြီး ယင်းစကားရပ်တွင် စာသားများအရသော်လည်းကောင်း၊ အဓိပ္ပာယ်အရသော်လည်းကောင်း၊ ရှေ့နောက်ကွဲလွဲခြင်းမရှိပါက ၎င်း၏တရားဝင်ကိုယ်စားလှယ်များ၊ ဆက်ခံသူများနှင့် ဥပဒေအရ ခွင့်ပြုလွှဲအပ်ခြင်း ခံရသူများပါဝင်သည်ဟုမှတ်ယူရမည်)ကို ကိုယ်စားပြုသူ ထုတ်လုပ်မှုလုပ်ငန်းများဌာနကြီး၊ ဌာနကြီးမှူး ဦးအောင်မျိုးထွန်း က တစ်ဖက်

နှင့်

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ လိုင်စင်အမှတ်၊ ၁၂၁၃၄၀၄၀၂ ဖြင့် မှတ်ပုံတင်ထားသော တင်ထားသော အမှတ် ၅၈၉ /၅၉၂ ၊ ဗိုလ်အောင်ကျော်လမ်း ၊ ရန်ကုန်-ပုသိမ် လမ်းမကြီး ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဖွင့်လှစ်ထားသည့် Winning Way Company Limited တို့ (နောင်တွင် "ရောင်းချသူ" ဟုခေါ် တွင်မည်ဖြစ်ပြီး၊ ယင်းစကားရပ်တွင် စာသားများအရ သော်လည်းကောင်း၊ အဓိပ္ပာယ်အရသော်လည်းကောင်း၊ ရှေ့နောက်ကွဲလွဲခြင်း မရှိပါက ၎င်း၏တရားဝင်ကိုယ်စားလှယ်များ၊ ဆက်ခံသူများနှင့် ဥပဒေအရ ခွင့်ပြုလွှဲအပ်ခြင်း ခံရသူများ လည်းပါဝင်သည်ဟု မှတ်ယူရမည် ) ကို ကိုယ်စားပြုသူ ဒါရိုက်တာ ဦးပိုင်စိုးလင်း၊ မှတ်ပုံတင်အမှတ်၊ ၈/စလန(နိုင်)၁၀၁၇၁၈ ကအခြား တစ်ဖက်တို့သည် အောက်ပါ စည်းကမ်းချက်များနှင့် အညီ

နှစ်ဦးနှစ်ဖက်သဘောတူ လက်မှတ်ရေးထိုး ချုပ်ဆိုကြပါသည်။

**နိဒါန်း**

၁။ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၊ ဗီဂါပလတ်စတစ်ပရိဘောဂနှင့်လူသုံးကုန်ပစ္စည်းစက်ရုံ (ရန်ကုန်) တွင်အသုံးပြုရန် FORKLIFT (Mitsubishi) (နောင်တွင် ကုန်ပစ္စည်းများဟုခေါ်တွင်ရမည်) ဝယ်ယူရေးအတွက် ဤစာချုပ်ကိုချုပ်ဆိုခြင်းဖြစ်သည်။

**စာချုပ်တန်ဖိုး**

၂။ အဆိုပါ ''ကုန်ပစ္စည်းများ'' ဝယ်ယူမှုအတွက် စုစုပေါင်းကျသင့်ငွေမှာ (DDP Yangon ) **၁၈၉,၃၇၅,၀၀၀/- (ကျပ်တစ်ရာရှစ်ဆယ့်ကိုးသန်းသုံးသိန်းခုနှစ်သောင်းငါးထောင်တိတိ)** ဖြစ်ပါသည်။

| Sr No | Description | Unit | Amount (Kyats) |
|---|---|---|---|
| 1 | FORKLIFT (Mitsubishi) | 1 | 189,375,000 |
| | **Total Amount DDP Yangon (Kyats)** | | **189,375,000** |

**ရောင်းချသူဘက်မှ ဆောင်ရွက်ရမည့်အချက်များ**

၃။ (က) နောက်ဆက်တွဲဖြင့် ပူးတွဲဖော်ပြထားသည့် **FORKLIFT (၁) စီး** ကို (DDP Yangon) စနစ်ဖြင့် ပေးသွင်းရမည်ဖြစ်ပါသည်။

(ခ) ကုန်ပစ္စည်းအားရောင်းချသူမှ ဆိပ်ကမ်း/နယ်စပ်များမှ ရှင်းလင်းရွေးယူပြီး သက်ဆိုင်ရာ ဗီဂါပလတ်စတစ်ပရိဘောဂနှင့်လူသုံးကုန်ပစ္စည်းစက်ရုံ (ရန်ကုန်) သို့ လက်ရောက် ပေးအပ်ရမည်။

(ဂ) ကုန်ပစ္စည်းရှင်းလင်းရွေးယူခြင်း၊ စက်ရုံသို့ပို့ဆောင်ခြင်း အတွက် အခွန်အခ နှင့် ကုန်ကျစရိတ် အဝဝကို ရောင်းချသူမှ တာဝန်ယူပေးချေရမည်။

(ဃ) ကုန်ပစ္စည်းပေးသွင်းရာတွင် စာချုပ်ပါအရည်အသွေး စံချိန်စံညွှန်းများ အရေအတွက်နှင့် ကိုက်ညီအောင်ပေးသွင်းရမည်။

**ပစ္စည်းများပေးသွင်းခြင်း**

၄။ ပစ္စည်းအား ရောင်းချသူမှ ၂၀၂၅ ခုနှစ် မေလ (၃၁) ရက် အပြီးပေးသွင်းရမည်။

**အာမခံစပေါ်ငွေပေးသွင်းခြင်း**

၅။ ရောင်းချသူမှ စာချုပ်ချုပ်ဆိုပြီး (၇) ရက်အတွင်း လုပ်ငန်းဆောင်ရွက်မှု အာမခံ (Performance Bank Guarantee) ငွေအဖြစ် စာချုပ်ပါတန်ဖိုး၏ **၁၀ % (တစ်ဆယ်ရာခိုင်နှုန်း)** ဖြစ်သော ငွေ **၁၈,၉၃၇,၅၀၀ိ/- (ကျပ်တစ်ဆယ့်ရှစ်သန်းကိုးသိန်းသုံးသောင်းခုနှစ်ထောင့်ငါးရာတိတိ)** ကိုဝယ်ယူသူထံသို့ ပေးသွင်းရမည်။

**ငွေပေးချေခြင်း**

၆။ **နိုင်ငံတော်အတွင်း၌ ပစ္စည်းဝယ်ယူခြင်းဖြစ်၍ ငွေပေးချေရာတွင် စာချုပ်ပါ Forklift တန်ဖိုးငွေ ၁၈၉,၃၇၅,၀၀၀ိ/- ၏ ၃၀ % ၅၆,၈၁၂,၅၀၀ိ/- (ကျပ်ငါးဆယ့်ခြောက်သန်းရှစ်သိန်းတစ်သောင်းနှစ်ထောင့်ငါးရာတိတိ) အား ကနဦး ပေးချေထားရမည်။ ပစ္စည်းလက်ခံရရှိကြောင်းပြေစာ CRV နှင့် FAC (Report) လက်ဝယ်ရရှိပြီးမှသာ လက်ကျန်ငွေ ၇၀ % ၁၃၂,၅၆၂,၅၀၀ိ/- (ကျပ်တစ်ရာသုံးဆယ့်နှစ်သန်းငါးသိန်းခြောက်သောင်းနှစ်ထောင့်ငါးရာတိတိ) အား ဆက်လက်ပေးချေသွားရမည်။**

**ပစ္စည်းလက်ခံခြင်းနှင့် ပစ္စည်းစစ်ဆေးချက်အစီရင်ခံစာထုတ်ပေးခြင်း**

၇။ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ရောင်းချသူမှပေးသွင်းသည့် ကုန်ပစ္စည်းများကို မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် ၊ ဗိုဂါပလတ်စတစ်ပရိဘောဂနှင့်လူသုံးကုန်ပစ္စည်းစက်ရုံ (ရန်ကုန်) ကုန်ဝယ်စာချုပ်တွင်ဖော်ပြထားသည့် ကုန်ပစ္စည်းများ၏ ပစ္စည်းအမျိုးအစား Specification တို့နှင့် တိုက်ဆိုင်စစ်ဆေးပြီး လိုအပ်သောစစ်ဆေးချက်အစီရင်ခံစာကို CRV နှင့် FAC Report ထုတ်ပေးမည်။

(ခ) အကယ်၍ရောင်းချသူမှ ကုန်ပစ္စည်းများမှာ နောက်ဆက်တွဲဖော်ပြပါ ကုန်ပစ္စည်းများ၏ ပစ္စည်းအမျိုးအစားနှင့် Specification ကိုက်ညီမှုမရှိသဖြင့် ပယ်ချထားသော ကုန်ပစ္စည်းများအတွက် ကျသင့်ငွေတန်ဖိုးကို မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (ရုံးချုပ်) မှ ငွေပေးချေမှု ပြုလုပ်မည်မဟုတ်ပါ။

(ဂ) ပစ္စည်းအမျိုးအစားနှင့် Specification မကိုက်ညီသည့် ကုန်ပစ္စည်းများကို လက်မခံပါ။ အကယ်၍ ပေးသွင်းသည့် ကုန်ပစ္စည်းများစက်ရုံသို့ရောက်ရှိပြီး စစ်ဆေးသည့်အခါ ပစ္စည်းအမျိုးအစားနှင့် Specification မကိုက်ညီသည့် ကုန်ပစ္စည်းများတွေ့ရှိပါက ထိုမကိုက်ညီသော ကုန်ပစ္စည်းအရေအတွက်ကို ရောင်းချသူမှ မိမိစရိတ်ဖြင့် ပစ္စည်းအမျိုးအစားနှင့် Specification ကိုက်ညီသည့် ကုန်ပစ္စည်းဖြင့် အစားထိုးပြန်လည် ပေးသွင်းရမည်။

**အာမခံချက်**

၈။ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **ရောင်းချသူသည် ပေးသွင်းသည့် Forklift ကို အာမခံသက်တမ်း (၁) နှစ် အာမခံတာဝန်ယူရမည်။ ယင်းကာလအတွင်း ချွတ်ယွင်းမှုဖြစ်ပါက ကောင်းမွန်သည် အထိ ပြုပြင်/ပြင်ဆင်ပေးရမည်။ ကုန်ကျစရိတ်များကို ရောင်းချသူမှ ကျခံတာဝန်ယူ ရမည်။**

(ခ) Forklift တန်ဖိုးအတွက် Commercial Tax ၅ % ကိုပေးသွင်းပြီး ကသခ(၃၁) ပုံစံ (တန်ဖိုး ၉,၁၁၇,၈၅၇ ကျပ်) အား ၂၀၂၅ ခုနှစ် ဖွန်လ ၃၀ ရက်မတိုင်မီ ဗိုဂါ ပလတ်စတစ်ပရိဘောဂနှင့်လူသုံးကုန်ပစ္စည်းစက်ရုံ (ရန်ကုန်)သို့ ပေးပို့ရမည်။

**ပျက်ကွက်ခြင်းနှင့်ပေးလျော်မှု**

၉။ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ရောင်းချသူသည် ပေးသွင်းရမည့် ကုန်ပစ္စည်းများကို သတ်မှတ်ထားသည့် ကာလ အတွင်း ပြည့်စုံစွာပေးသွင်းရန် ပျက်ကွက်ခဲ့လျှင်သော်လည်းကောင်း၊ ပေးသွင်းသည့် ကုန်ပစ္စည်းများမှာ စံချိန်စံညွှန်းများနှင့် မကိုက်ညီခဲ့လျှင် သော်လည်းကောင်း၊ ကောင်းစွာ အသုံးပြု၍ မရလျှင်သော်လည်းကောင်း လျော်ကြေးပေးလျော်ရမည်။

(ခ) အချိန်မီကုန်ပစ္စည်းများ မပေးသွင်းနိုင်မှုကြောင့် အခြားပြုလုပ်သူများအား ငှားရမ်း ပြုလုပ်ရလျှင် ပိုမိုကုန်ကျစရိတ်ကို ပစ္စည်းပေးသွင်းသည့်ကုမ္ပဏီမှ ကျခံစေရမည်။

(ဂ) ကုန်ရောင်းသူသည် ကုန်ပစ္စည်းများကိုသတ်မှတ်ထားသည့် ကာလအပိုင်း အခြားအတွင်း ပေးသွင်းနိုင်ခြင်းမရှိပါက အောက်ပါအတိုင်း ကျသင့်ငွေအား နောက်ကျကြေးအဖြစ် ကုန်ဝယ်သူသို့ ပေးသွင်းရမည် -

(၁) ကုန်ပစ္စည်းပေးသွင်းရမည့် သတ်မှတ်ရက်ထက် (၁)ရက်မှ (၃၀)ရက် အတွင်း နောက်ကျပေးသွင်းပါက နောက်ကျပေးသွင်းသော ပစ္စည်းအတွက် စာချုပ်ပါ တန်ဖိုး၏ ၁ % ပေးလျော်ရမည်။

(၂) ကုန်ပစ္စည်းပေးသွင်းရမည့် သတ်မှတ်ရက်ထက် (၃၁)ရက်မှ (၆၀)ရက် အတွင်း နောက်ကျပေးသွင်းပါက နောက်ကျပေးသွင်းသော ပစ္စည်းအတွက် စာချုပ်ပါ တန်ဖိုး၏ ၂ % ပေးလျော်ရမည်။

(၃) ကုန်ပစ္စည်းပေးသွင်းရမည့် သတ်မှတ်ရက်ထက် ရက်ပေါင်း (၆၀)နှင့် အထက် နောက်ကျပေးသွင်းပါက နောက်ကျပေးသွင်းသော ပစ္စည်းအတွက် စာချုပ်ပါ တန်ဖိုး၏ ၅ % ပေးလျော်ရမည်။

(၄) ရောင်းချသူသည် စာချုပ်ပါကုန်ပစ္စည်းအားပေးသွင်းရန် ပျက်ကွက်ပါက စာချုပ်ပါ တန်ဖိုး၏ ၁၀ % ပေးလျော်ရမည်။

**စာချုပ်ပြင်ဆင်ပြောင်းလဲခြင်း**

၁၀။ ဤစာချုပ်ပါ အချက်အလက်များကို ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်းနှင့် ထပ်မံ ဖြည့်စွက်ခြင်းများ ပြုလုပ်လိုပါက " ဝယ်ယူသူ " နှင့် " ရောင်းချသူ " တို့ နှစ်ဦးနှစ်ဖက် တရားဝင်စာဖြင့် သဘောတူညီချက် ရရှိမှသာ ပြုလုပ်နိုင်သည်။

**အာမခံစပေါ်ငွေ ပြန်လည်ထုတ်ပေးခြင်း**

၁၁။ ရောင်းချသူသည် စာချုပ်ပါကုန်ပစ္စည်းများအား သတ်မှတ်ကာလအတွင်း အပြည့်အဝ ပေးသွင်းပြီးပါက ဝယ်ယူသူမှ ကုန်ပစ္စည်းများ လက်ခံရရှိပြီးကြောင်း ပြေစာ CRV ထုတ်ပေးပြီး ရက်ပေါင်း (၃၀) အတွင်း အာမခံစပေါ်ငွေအား ပြန်လည်ထုတ်ပေးရမည်။

**မလွန်ဆန်နိုင်သောဖြစ်ရပ်များ**

၁၂။ မလွန်ဆန်နိုင်သောဖြစ်ရပ်များဆိုသည်မှာ သဘာဝအလျောက် ကြုံတွေ့နိုင်သည့် ရေဘေး၊ လေဘေး၊ မီးဘေး၊ မြေငလျင်ဘေး စသည်များအပြင် နိုင်ငံတော်အစိုးရ၏ ကန့်သတ်တားမြစ်ချက်များ၊ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားမှုပျက်ပြယ်ခြင်း၊ စစ်ဖြစ်ခြင်း၊ သပိတ်မှောက်ခြင်း စသည်တို့နှင့် စာချုပ်ဝင်တစ်ဘက်ဘက်က လိုအပ်သော သတိ၊ ဝီရိယနှင့် ဆောင်ရွက်စေကာမူ မလွန်ဆန် မကျော်လွှားနိုင်သည့် အလားတူဖြစ်ရပ်များဖြစ်ပြီး ယင်းမလွန်ဆန်နိုင်သော ဖြစ်ရပ်များကြောင့် ကုန်ပစ္စည်းရောင်းချမှုကို ထိခိုက်ဆုံးရှုံးစေလျှင် "ရောင်းချသူ" သည် "ဝယ်ယူသူ" သို့ နစ်နာဆုံးရှုံးမှု

အတွက် လျော်ကြေးတောင်းခွင့်မရှိစေရ။ ထိုသို့ မလွန်ဆန်နိုင်သော ဖြစ်ရပ်ပေါ်ပေါက်လာပါက ယင်းဖြစ်ရပ် ဖြစ်ပေါ်သည့်အချိန်မှ (၁၄)ရက်အတွင်း ''ရောင်းချသူ'' သည် ''ဝယ်ယူသူ'' သို့ စာဖြင့် ချက်ချင်းအကြောင်းကြားရမည်။ ''ဝယ်ယူသူ'' က လက်ခံအတည်ပြုလျှင် မလွန်ဆန်နိုင်သော ဖြစ်ရပ်ပေါ်ပေါက်သဖြင့် ပျက်ကွက်ခဲ့သော ကာလအပိုင်းအခြားအတွက် ကုန်ပစ္စည်း ပေးသွင်းရမည့်ကာလကို သက်သာခွင့်ပြုနိုင်သည်။

**အငြင်းပွားမှုဖြေရှင်းခြင်း**

၁၃။ ဤစာချုပ်နှင့်ပတ်သက်၍ အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက နှစ်ဦးနှစ်ဖက် ပြေလည်စွာ ညှိနှိုင်းဖြေရှင်းရမည်။ ထိုသို့ဖြေရှင်းမရပါက ထိုအငြင်းပွားမှုကို အနုညာတ စီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြစ်စေရမည်။ ထိုသို့ ဆောင်ရွက်ရာတွင် ၂၀၁၆ ခုနှစ်၊ မြန်မာနိုင်ငံ အနုညာတ စီရင်ဆုံးဖြတ်ခြင်းအက်ဥပဒေ (ပြည်ထောင်စုလွှတ်တော် အက်ဥပဒေ အမှတ် ၅/၂၀၁၆) နှင့် နောက်ပိုင်း ထုတ်ပြန်သော တည်ဆဲပြင်ဆင်ချက်များနှင့် အညီဖြစ်စေရမည်။ အနုညာတခုံရုံး၏ တည်နေရာမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ရန်ကုန်မြို့ဖြစ်ရမည်။ ယင်း အငြင်းပွားမှုနှင့်ပတ်သက်၍ ကုန်ကျစရိတ်များကို အငြင်းပွားမှုရှုံးနိမ့်သူက ပေးချေရမည်။ အငြင်းပွားမှု ဖြေရှင်းရာ၌ တစ်ဖက်စီက တစ်ဦးစီခန့်ထားသော ခုံလူကြီးနှစ်ဦး ၊ ထိုသို့ခန့်ထားခံရသော ခုံသမာဓိ နှစ်ဦးက ရွေးချယ်ခန့်ထားသော တတိယခုံသမာဓိတစ်ဦးတို့ဖြင့် ဖြေရှင်းရမည်။ တတိယ ခုံသမာဓိ တစ်ဦးသည် ခုံသမာဓိနာယကအဖြစ် ဆောင်ရွက်ရမည်။ အထက်ပါ ခုံသမာဓိ အဖွဲ့ဝင်များ၏ ဆုံးဖြတ်ချက်သည် အငြင်းပွားမှုအတွက် အပြီးဖြစ်စေရမည့်အပြင် နှစ်ဖက် အမှုသည်များပေါ်၌လည်း အတည်ဖြစ်စေရမည်။

**နောက်ဆက်တွဲ**

၁၄။ ဤသဘောတူ ကတိစာချုပ်၌ ပါရှိသော နောက်ဆက်တွဲစာရင်းသည် ဤကတိ စာချုပ်၏ တစ်စိတ်တစ်ဒေသ ဖြစ်စေရမည်။

**အကျိုးသက်ရောက်မှု**

၁၅။ နှစ်ဦးနှစ်ဖက် စာချုပ်လက်မှတ်ရေးထိုးသည့်နေ့မှစ၍ စာချုပ်အကျိုးသက်ရောက် သည်။

**စာချုပ်လက်မှတ်ရေးထိုးခြင်း**

၁၆။ ဤစာချုပ်ပါ စည်းကမ်းအချက်အလက်များကို ရောင်းချသူနှင့် ဝယ်ယူသူတို့မှ ဖတ်ရှုနားလည်သဘောပေါက်ပြီးဖြစ်၍ ၂၀၂၄ ခုနှစ် နိုဝင်ဘာ လ ( ) ရက်တွင် အောက်ပါအသိသက်သေများ ရှေ့မှောက်၌ မိမိတို့ရုံးတံဆိပ်များကို ရိုက်နှိပ်၍ လက်မှတ်ရေးထိုးပါသည်။

| **ရောင်းချသူ** | **ဝယ်ယူသူ** |
|---|---|
| ဦးပိုင်စိုးလင်း<br>ဒါရိုက်တာ<br>၈/စလန(နိုင်)၁၀၀၇၁၈<br>Winning Way Company Limited | ဦးအောင်မျိုးထွန်း<br>ဌာနကြီးမှူး<br>ထုတ်လုပ်မှုလုပ်ငန်းများဌာနကြီး<br>မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်<br>သက်ဆိုင်သောကုမ္ပဏီလီမိတက် |

**အသိသက်သေများ**

| | |
|---|---|
| ဦးချစ်စန်းကို<br>လက်ထောက်အထွေထွေမန်နေဂျာ<br>၁၄/ဓနဖ(နိုင်)၁၁၃၈၂၅<br>Winning Way Company Limited | ဦးကျော်ကျော်ဇင်<br>စက်ရုံမှူး<br>ဗီဂါပလတ်စတစ်ပရိဘောဂ<br>နှင့်လူသုံးကုန်ပစ္စည်းစက်ရုံ |